ဟိုက်ပါကျေးရွာ

မိုင်းရှုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟိုက်ပါကျေးရွာ၊ မိုင်းရှုးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇွန်လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ဟိုက်ပါကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုင်းရှူးမြို့နယ် ၇

ဟိုက်ပါကျေးရွာရာသီခွင်ပြပြက္ခဒိန် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းရေယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃**စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉**သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှုန်း အာဟာရဆန်းစစ်မှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁

ကျေးရွာကော်မတီဝင်စာရင်း ၇၄

ကိုးကားစာရင်း

၃၅

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက် ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် ဒေ သ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင် ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည် ။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော် လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ် တို့ အချင်း ချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိ ခဲ့ ပါ သည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ် ရေး မှူး၊ ကျေးလက်ဒေသ


ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ် တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အား ထုတ် မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

၆နှစ်၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဟိုက်ပါကျေးရွာ
မိုင်းရှုးမြို့နယ်


ဟိုက်ပါကျေးရွာ
အရင်းအမြစ်ပြမြေပုံ၊
မိုင်းရှူးမြို့နယ်




ဟိုက်ပါကျေးရွာ

ကျေးရွာပြပြက္ခဒိန်

မိုင်းရှားမြို့နယ်



ဟိုက်ပါကျေးရွာ ရွာတွင်း/ရွာပ
အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံး သပ်ပြီး တစ် နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီ ဖြင့်ရေး ဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ် သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေ ရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကိုအပံ့အပိုး ဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီး တွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေ နှင့် ဆောင်ရွက် မည့် နည်းဗျူဟာများ ၊ စီမံ ချက်များ ကိုရှင်းရှင်း လင်းလင်း ဖော်ပြ ထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့်လမ်း ကြောင်း များကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေး နှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါ သည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစု စည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြှုနယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်ငင်းတို့ ၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေ ကြေး ဆိုင် ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာ နိုင် မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။နိုင်ငံ တကာ ဖွံ့ဖြိုး ရေးမိတ် ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်း များ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမ ဟုတ်သော အဖွဲ့ အစည်း များနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ငင်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မူပိုမို ကောင်းမွန် စေ ပြီး ကျေး ရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြှုနယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ် မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အ ခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့် သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း မှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤ သို့

ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက် ဆုံး ဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မိုင်းရှူးမြို့မှ (၁၆)မိုင်အကွာတွင် တည်ရှိပြီး အရှေ့ဘက်တွင် တာဆမ်ပူးရွာ၊ အနောက်ဘက်တွင် ဖက်ကီးများ၊ တောင်ဘက်တွင် ဝမ်ကျောင်း မြောက်ဘက်တွင် နားပယ်ရွာ တို့တည်ရှိသည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ကျေးရွာ သည် မြေပြန့်ဒေသ တွင် တည် ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှ (၅၀)နှင့် အထက် ရရှိသည့်အပြင် ရွာ၏အရှေ့ဘက်တွင် တာဆမ်ပူးကျေးရွာ တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက်ပိုင်းတွင် ဖက်ကီး ကျေးရွာများတည်ရှိကာ မြေပြင်အ နေအထားမှာ မြေပြန့်ဖြစ် သည်။ လယ်ယာမြေများ သည် စပါး၊ပြောင်းနှင့်ရာသီအလိုက် လိမ္မော်ခြံတို့ကိုထုတ် လုပ်ပြီး၊ စပါး၊ နှင့်ပြောင်းကိုအဓိကထား အသက်မွေးဝမ်းကျောင်းအဖြစ်အားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် အရှေ့ဘက်တွင် တာဆမ်ပူးနှင့်ကျေးရွာတွင် ရေထွက်များရှိအများအားဖြင့်ရေတွင်းတူး ပြီးသောက်သုံးရေအဖြင်လွယ်ကူစွာသုံးစွဲနေကြ ပါသည်။စိုက်ပျိုးရေအ တွက် လိုအပ် သော ရေ ကိုချောင်းရေဖြင့်အလွယ် တကူရရှိနိုင်ပါသည်။ ကျေးရွာတွင် လယ်မြေ

အသင့် အတင့်ရှိပြီး မြေဆီအသင့်အတင့် ကောင်းမွန် ပါသည်။ ယာမြေ များတွင် စပါးနှင့် ပြောင်း တို့ကိုအဓိက စိုက်ပျိုးသည်။အနီးရှိတောတောင်မှ သဘာဝတိရစ္ဆာန် မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးလာ ပြီဖြစ်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၂)စုနှင့်ကျား(၂၅၈)၊ မ(၃၀၇)ဦးဖြင့် လူဦးရေပေါင်း (၅၆၅) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှင့်(၅)ဦးနှုန်းရှိပြီး၊ နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ နှုန်း (၄) ဦးထက်များပါသည်။ ကျေးရွာတွင်ရှမ်းတိုင်းရင်းသာ များနေထိုင်ကြပြီး၊ အလုပ်လုပ် နိုင်သည့် အရွယ် သည်ကျေးရွာရှိလူဦး ရေအားလုံး၏(၇၁.၆၂%)ရှိပြီးအမျိုးသမီးအရေအတွက်နှင့် အမျိုး သား အရေ အတွက်နှင့်အမျိုးသမီး အရေအတွက်မှာအနည်းငယ်မှသာကွာခြားနေ သည်ကို တွေ့ရပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး ၏ဝင်ငွေ အနေအ ထားမှာ သာမန်အားဖြင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၂၉.၂၉%)သည် ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး၊(၃၀.၃၀%) သည်ချမ်းသာသည့်အဆင့်၊ (၄၀.၄၀%)သည် အလယ်အလတ် အဆင့် ရှိကြ သည် ဟု သတ်မှတ်ကြ သည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုနှင့် မိုးရေသွင်းစိုက်ပျိုး နိုင်မှုတို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာအသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ် သမားအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း နေ့စား လိုက် ခြင်း ၊ယင်းတို့အနက် ဆင်းရဲသည့်အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်း ငယ် မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင် သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအသင့်အတင့်သာရှိသည်ကိုတွေ့ရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာတွင်းနှင့် အနီးရှိ ကျေးရွာများသို့ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ်ဝင်ရောက်လုပ်ကိုင်ကြသည်။ အကြွေး

တင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ် ထောင်စု အားလုံး သည် အကြွေး ငွေတင်ရှိနေကြသည်။ ချေး ငွေ အများစုကို မြစိမ်းရောင်စီမံကိန်းနှင့်ကျေး ရွာရှိ ငွေတိုးချေးသူများထံမှ အများဆုံး ချေးယူကြပြီးစိုက်ပျိုးရေးလုပ်အား ခကြို ယူခြင်းများ လည်းရှိကြောင်းတွေ့ရသည်။ ကျေးရွာသည် စိုက်ပျိုးရေးစရိတ်ချေးငွေနှင့် သမဝါယမ ချေးငွေများ မရရှိပါ။ ချေးငွေများကို စားသုံးရန်နှင့် ဝင်ငွေရ အလုပ်အကိုင်များအတွက်အများဆုံး အသုံးပြုကြသည်။

ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုအနေဖြင့် ဆင်းရဲ၍ မိသားစုဦးရေ များသည့်ဆင်းရဲ၍ မိသားစုရေများသည့် မုဆိုးဖို/တစ်ခု လပ်အိမ်ထောင်စု (၁၃)စုနှင့်ဆင်းရဲ ၍အခြားဒေသသို့ပြောင်းရွှေ့ အလုပ်လုပ် ကိုင်ရ သည့်အိမ် ထောင်စု(၁)ရှိပါသည်။ ထိခိုက် သက် ရောက်မှု အမျိုးအစားတွင် သစ်တော ပြုန်းတီးမှု၊ စားနပ်ရိက္ခာမဖူလုံမှု၊ စိုက်ပျိုး မြေရှားပါးမှုတို့ကို အသင့်အတင့်အနေ အထား တွေ့ရပြီး၊ မီးဘေး၊ ဌက်ဖျားရောဂါ ဖြစ်ပွားမှု၊ တီဘီရောဂါ ဖြစ်ပွားမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုအနေအထားများ တွေ့ရပါသည်။ ကျန်ထိ ခိုက် သက်ရောက်မှု အမျိုးအစားများ မရှိပါ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ အတွက်အုပ်စု အလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှု အသင့်အတင့်နှင့် နိမ့်အဆင့်များကို အများဆုံးတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစား အစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းကျေးလက်ဆေးပေးခန်းနှင့်(၁၆)မိုင်ခန့်ဝေးကွာသောမိုင်းရှူးမြို့ နယ်ဆေး ရုံတွင် ရရှိနိုင်ပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေမှရရှိ သောရေနှင့်ရေတွင်းမှရရှိသောရေများ ကိုအသုံးပြုကြသည်။ လုံလောက်စွာ သောက်သုံး

နိုင်ပါသော်လည်း ကျန်းမာရေး နှင့်ကိုက်ညီ သောရေစစ်ဆေးမှုမပြု လုပ်ရ သေးပါ။ ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စ သော ရောဂါဖြစ်ပွါးမှုများ ဖြစ်လာမည် ကိုကျေးရွာ အတွက် စိုးရိမ်ရပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အနည်းငယ်နိမ့်ကျလျက်ရှိကြောင်းတွေ့ရှိ ရ ပါ သည်။ စာမတတ် သူဦးရေသည် ကျေးရွာရှိ ၅နှစ်အထက် လူဦးရေ၏(၃၅.၃၄%) ရှိပါသည်။ ကျေးရွာတွင် အခြေခံ ပညာ ရေးကိုရွာထဲရှိမူလတန်းကျောင်းခွဲမှတက်ရောက်ကြပြီး၊ အလယ်တန်း၊ အထက်တန်းကျောင်း ပညာ တို့အတွက်မိုင်းရှုးမြို့တွင် တက်ရောက်သင်ကြား နိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ် လူရွယ် များအတွက်ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည် လည်း နည်းပါး ဆဲ ဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသား စုအတွင်ကျား/မတို့၏အခန်းကဏ္ဍအသီးသီးကိုရပ်ရွာသတ်မှတ်ချက်များအတိုင်းကျင့်သုံးကြ ပါသည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စ များမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင် သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုး သား များနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုး သား များက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီ သော် လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ် ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြား လူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မတန်း တူညီမှု မှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်း တူညီ မှုမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ဟိုက်ပါကျေးရွာဖွံ့ဖြိုးရေး အတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ဖွဲ့ရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေးနာရေးကိစ္စများကို ဆောင်ရွက်ကြသည်။ ကျေး ရွာသည် အဖွဲ့ အစည်းများဖွဲ့စည်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေး လုပ်ငန်းများ ကိုအတူတကွလှုပ်ရှားဆောင်ရွက်သည့် အလေ့အထနည်းပါးသည်။အဖွဲ့အစည်း ဆိုင်ရာ သဘောတရား တို့နှင့်ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်း ဆောင် ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ပြောင်းတို့ကိုအဓိကထားစိုက်ပျိုးပါသည်။၂၀၁၇ ခုနှစ်တွင် မိုးစပါးစိုက်ကေ (၂၁၀)ကေခန့်ရှိခဲ့ပြီး၊ မိုးစပါးတစ်ကေပျမ်းမျအထွက်မှာ(၇၀)တင်း ထွက်ရှိ ပါသည်။စပါးတစ်ကေအထွက်နှုန်းမှာ(၅၀) တင်းထွက်ရှိပါသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာ နှင့်ဝန် ဆောင်မှုများ လက်လှမ်းမီသော်လည်းတောင်သူအများစုသည် စိုက်ပျိုးလုပ်ငန်း တွင် မိရိုးဖလာနည်းလမ်း ကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင်စိုက်ပျိုးရေးအတွက် ထွန် စက်ကိုအသုံးပြု ကြပါသည်။ထို့ကြောင့်ထွန်စက်မရှိသည့်တောင် သူများသည် အခြား တောင်သူ များ စီမှဌားရမ်းလုပ်ကိုင်ကြရပါသည်။ဌါးရမ်းခစျေးနှုန်းသက်သာစွာဌါးရမ်းနိုင်ရေးနှင့် လယ်ယာ သုံး စက်ကိရိယာများကို အရစ်ကျဝယ်ယူနိုင်ရေးအတွက် လိုလားနေကြသည်။ ကျေးရွာ တွင် စပါးနှင့်ပြောင်းတို့ကိုအဓိကထား စိုက်ပျိုး ကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် လယ်ယာ လုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင် သူ များသည်တစ်နေ့ (၄,၀၀၀/-)မှ (၅,၀၀၀/-) ကျပ်ရရှိပါသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၈၉)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ ဟိုက်ပကျေးရွာတွင် မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းတွင် အသုံးပြုရန် နွားမွေးမြူ သည့်အိမ်ထောင်စု(၂၀)စုနှင့် ကျွဲမွေးမြူသော အိမ်ထောင်စု (၁၈) စု ရှိပါသည်။ ဝက်နှင့် ကြက်ကိုမွေး မြူသောအိမ်ထောင်စု(၆၆)စုရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာအိမ်တွင်း တိရိစ္ဆာန်မွေးမြူခြင်းနှင့်လယ်ယာ လုပ်ငန်းခွင်များတွင် နေ့စားအလုပ်လုပ်ကိုင်ကြ သည်။ လုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုး အစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့် အတင့်အ နေအထားတွင်ရှိသည်။ကျေးရွာ တွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်း လူဦး ရေ၏ (၅၄.၃၂%) ရှိပြီး ကျေးရွာအတွက် လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ် ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ် နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများ စုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည် အချင်းပိုင်းနိမ့်ကျကြပြီး ကျွမ်းကျင် မှု အ ခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ဓါတုမြေဩဇာသုံးစွဲမများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျ ဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့် ပစ် ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက် ပေးသင့် သည်။ ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း ရေကြီးရေလွှမ်းခြင်းနှင့် မုန်တိုင်းဘေးအန္တရာယ်တို့နည်း ပါးသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဟိုက်ပါကျေးရွာသည်ကျေး ရွာတွင်းမြစိမ်းရောင်ချေးငွေနှင့် ဆွေမျိုးများထံချေး ယူသုံး စွဲ ခြင်းမှအပ အခြားမည့် သည့် ဘဏ်ဆိုင်ရာဝန် ဆောင်မှုများမရရှိပါ။ ကျေးရွာ သား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာနှင့် ဝင်ငွေရ လုပ်ငန်း ဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုကြ သည်။ကျေးရွာ တွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသဖြင့်မြို့နယ် သမဝါယ မဦးစီးဌာန မှလည်း ချေးငွေမရရှိပါ။ ကျေးရွာတွင် ဆင်းရဲ သောအိမ်ထောင်စုသည် စုစုပေါင်း အိမ်ထောင်စု၏

(၁၀.၇၁%)ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများအတွက် အထိုက်အ လျောက်များပြားသည် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ချေးငွေလိုအပ်ချက် ရှိကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကိုကျေးရွာရှိမူလတန်းကျောင်းတွင် ပညာသင် ကြား နိုင် ကြပါ သည်။ ရွာသားအားလုံး၏(၁၆.၂၂%)သည် စာမတတ်သူများ ဖြစ်ကြပြီး၊ (၁၀.၂၂%)ခန့်မှာမူလတန်း အဆင့်ရှိကြ သည်။ဆရာ၊ဆရာမ နေထိုင်ရန် အိမ်ရာသီးသန့် မရှိသဖြင့်ဆရာမများအတွက် နေရာလုံလောက်မှု ပိုမို ရရှိရန် အိမ်ရာတစ်ခု ဆောက်လုပ်ရန် လိုလားနေကြသည်။ ကျောင်းတွင် မူလတန်းပြဆရာ/မ (၆)ဦး ရှိပြီး ကျောင်းဆရာ/မ အင်အားလည်း လုံလောက်မှု ရှိပါသည်။ ကျေးရွာတွင်း ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ ရွာသူရွာသား များအတွက် ကျန်းမာရေးဝန်ဆောင်မှု တို့ကို ရွာတွင်းကျေးလက်ဆေးပေးခန်းနှင့်(၁၆)မိုင်ခန့်ကွာ ဝေးသော မိုင်းရှူး မြို့နယ် ဆေးရုံတို့တွင် ရရှိ နိုင်သည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင် လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ သို့ရာတွင် ယခုနှစ်များတွင် လူငယ်များမူး ယစ်ဆေးဝါးသုံးစွဲမှု များပြားလာသဖြင့် မူယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်များအတွက် ပညာပေးဟောပြောပွဲများ ကျင်းပပေးရန် လိုအပ်လျက် ရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်ခဲ့လမ်းနှင့်မြေသားလမ်းများဖြစ်ပြီး ကားနှင့်ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင် ကယ် (၁၅၁) စီးနှင့် ကား/ထော်လာဂျီး(၁၄/၁၁) စီးတို့ကို အသုံးပြုလျက်ရှိကြသည်။ ကျေးရွာသည် လျှပ်စစ်မီး အသုံးပြု နိုင်ခြင်းမရှိသေးဘဲ မိသားစုသုံးဆိုလာမီးကိုသာ အသုံးပြုကြရသည်။ ကျေးရွာ တွင် မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို

ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် အသုံးပြုရန်လိုင်းစွဲ အားအခက် ခဲရှိပါသည်။ကျေးရွာတွင် လက်ကိုင်ဖုန်းအသုံးပြုနိုင်သူ အသင့်အတင့်ရှိပါသည်။အခြားသတင်း အချက်အလက် များအတွက် အသင့်အတင့်ချိတ်ဆက် အသုံးပြု နိုင်ပါသည်။ ကျေးရွာတွင် စာကြည့် တိုက်အဆောက်အဦမရှိသေးပါ။ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှု ခြင်းမရှိကြပါ။ တစ်ရွာလုံး အတိုင်း အတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာမ ကောင်း မွန်သေးကြောင်းတွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ် ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထားသူ မရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့် ရေး ဆွဲထားခြင်း မရှိပါ။ ရွာသားများသည် မိုင်းရှူးရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်မှု မရရှိ သော်လည်းရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဟိုက်ပါကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင် တည်ရှိပြီး မိုင်းရှူးမြို့နှင့် (၁၆)မိုင်အကွာတွင်တည်ရှိပါသည်။ကျေးရွာ နှင့်အနီးဆုံးစျေးမှာမိုင်းရှူးမြို့မ စျေးသို့ အမယ်စုံလင်စွာရရှိပြီးအလွယ်တကူသွားရောက်ဝယ် ယူရရှိနိုင်ပေသည်။လူဦးရေအားလုံး၏ (၅၄.၃၂%)မှာ အလုပ်လုပ် နိုင်သည့် အရွယ်များဖြစ်ကြပြီး၊ ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ် များအား လေ့ကျင့် သင်ကြား ပေး ခြင်း ဖြင့် လူသား အရင်း အမြစ်များကို တိုးတက် ကောင်း မွန်လာစေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေ အနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များသို့

လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုင်းရှူးမြို့နယ်ဆေးရုံနှင့် လွိုင်လင်ခရိုင်ဆေးရုံများသို့သွား ရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ သဘာဝအရင်း အမြစ်များတွင် လယ်မြေများသည် တောင်ကုန်းဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်း မွန်သည်။ စပါးနှင့် ပြောင်းတို့ကို အဓိက စိုက်ပျိုးကြပြီး ၊စိမ့်စမ်းရေထွက်များရှိသော်လည်း စိုက်ပျိုးရေအတွက်မရရှိနိုင်ပါ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း မှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက် သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အသင့်အတင့် လက်လှမ်းမှီ အသုံး ပြုနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ဟိုက်ပါကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပြီး စိုက်ပျိုးရေလုံလောက်စွာ မရရှိနိုင်သေးပေ။ဟိုက်ပါကျေးရွာမှမိုင်းရှူး မြို့သို့သွားလမ်း တွင်ကတ္တရာလမ်းဖြင့်ပြီး၊ကျေးရွာတွင်းလမ်းများတွင်ကျောက်ခဲလမ်းနှင့်မြေသားလမ်းများြဖစ်သော်လည်း ကျေး ရွာချင်းဆက်လမ်းများသည် မြေသားလမ်း သာဖြစ်သောကြောင့် မိုးရာသီတွင် ပတ်ဝန်းကျင်ရှိ ကျေးရွာများ သို့သွားလာရန် ခက်ခဲ သည်။လယ်ယာ ထွက်ကုန် များကို အချိန်မီ သယ်ယူ ရောင်းချရန်မှာလွယ်ကူပါသည်။ကျေးရွာတွင် ဓာတ်မြေဩဇာနှင့် ဓာတ်တုပိုးသတ်ဆေး၊ ပေါင်းသတ် ဆေးများ သုံးစွဲမှု များပြားလာသဖြင့် သဘာဝမြေဩဇာအသုံးပြုမှုနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး နည်းပညာနှင့်အထောက်အပံ့များရရှိသုံးစွဲနိုင်ရန်လို အပ်သည်။ ကျေးရွာတွင် ချေးငွေအတွက် ငွေတိုးချေးသူများ ရှိ သော် လည်း အတိုးနှုန်း မြင့်မားတတ်သည်။ စိုက်ပျိုးစရိတ်ချေးငွေနှင့် သမဝါယမချေးငွေများ မရရှိပါ။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက် များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာ တွင် အိမ်တွင်းမှုထုတ်ကုန် လုပ်ငန်းမရှိ သဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ ၊ အထိအတွေ့တို့ အားနည်းပါသည်။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းမှုအားနည်းပြီး အစိုး ရ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု လွန်စွာအားနည်း သည်။လူငယ်များသည် ဆယ်ကျော်သက်အရွယ်မှစ၍

အလုပ်လုပ်ကြရသောကြောင့် ပညာတတ် မြောက်မှု နည်းပါးသည်။ ထို့ကြောင့် ကျောင်းပညာတစ်ဝက်တစ်ပျက်လူငယ်များနှင့် အလုပ် လက်မဲ့များအတွက် ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာသည် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ပညာရေး များ အတွက် (၁၆)မိုင်ခန့်ဝေးသောမိုင်းရှူးမြို့တွင် သွား ရောက် သင်ယူကြသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း အသုံးပြုမှု ရှိသော်လည်း ဆက်သွယ် ရေးတာဝါတိုင်နှင့် ဝေးကွာသဖြင့် လိုင်းစွဲအား မကောင်းဘဲ အင်တာနက်အ သုံးပြု နိုင် မှု မှာ လည်း အကန့်အသတ်ဖြင့်သာ ရှိသည်။ ထို့ပြင် မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးသွယ်ယူ အသုံးပြုနိုင်ခြင်း မရှိသဖြင့် အိမ်တွင်း မူထုတ်ကုန်လုပ်ငန်းများ အားနည်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါသည်.

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။ (က.၁) ကျွန်ုပ်တို့ကျေးရွာသည် သောက်သုံးရေရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်း ရေးကိုပိုမိုတိုး တက် အောင် ဆောင် ရွက်သွားမည်။ (သို့မဟုတ်) ကျွန်ုပ်တို့ကျေးရွားသည် အခြေခံလိုအပ်ချက်ဖြစ်သော သောက် သုံး ရေ လုံလောက်စွာရရှိရန် ပိုက်များဖြင့်သွယ်တန်းခြင်း၊ ရေစုကန်များဆောက်လုပ်ခြင်းနှင့် ကျေး ရွာလုံးကျွတ် မီးလင်းစေရန်ဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာ၏အခြေခံလိုအပ်ချက်ဖြစ်သော သောက်သုံးရေ ဖူလုံ အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရမည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစည်းဌာနနှင့် ချိတ်ဆက်ပြီး ရေပိုက်သွယ်ယူခြင်း၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။ ခ.၁) ကျွန်ုပ်ကျေးရွာလူထုသည် ကျေးရွာ၏အခြေခံအဆောက်အဦကဏ္ဍ ဖြစ်သော လျှပ်စစ်မီး ရရှိ လာနိုင်ရေး၊ လမ်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။ ရွာလုံးကျွတ်မီးလင်းရေး

အတွက် ဆိုလာမီးရရှိစေရန်လည်းကောင်း၊ ကျေးရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများကို မြေသားလမ်းမှ ကျောက်ခဲလမ်းအဖြစ်သို့ တိုးတက်ကောင်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင် ဆင်ရန်ဖြစ် သည်။

(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကျောက်ခဲလမ်းနှင့်မြေသားလမ်း များဖြစ်ပြီး မိုးရာသီတွင် သွား လာ ရ လွန်စွာခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာမှ ကိုယ်ထူကိုယ်ထ လမ်း အဆင့်မြှင့် ပြုပြင်ရန်မှာလည်း ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံ တော် မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီး ဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာ နှင့်

တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာ အထောက် အကူပြုနိုင်ပေမည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ဟိုက်ပါကျေးရွာတွင် ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြသော လူငယ်များနှင့် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ် တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ အချို့မှာ မူးယစ်ဆေးသုံးစွဲခြင်းဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည် တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ်လုပ်ကိုင်စား သောက်နေကြရသည်။ ထိုကဲ့သို့ သောသူများအတွက် သင့်တော်သောအသက်မွေးဝမ်း ကျောင်း ဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

(ဃ)စိုက်ပျိုးရေးနည်းပညာနှင့်ဝန်ဆောင်မှုများ
လယ်ယာသုံးကိရိယာများစနစ်တကျဌားရမ်းအသုံးပြုနိုင်ရေး

ဟိုက်ပါကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းနိုင်သောကျေးရွာတစ်ရွာဖြစ် ပြီး ၊ စိမ့်စမ်းရေ များမှလည်း တစ်နှစ်ပတ်လုံးနီးပါးစိုက်ပျိုးရေအသင့်အတင့် ရရှိနိုင်သည်။ သို့သော်လယ်ယာ လုပ်သားရှားပါးလာမှု နှင့်အတူ၊ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာ လုပ်ငန်း အချိန်မှီပြီးစီးရန်အနည်းငယ် အခက် အခဲကြုံတွေ့ရတတ် ပေသည်။ စိုက်ပျိုးရေး ဦးစီးဌာနနှင့်အတူသက်ဆိုင် ရာဌာနများဖြစ်ကြ သော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်း ကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ် ဖြင့်ရောင်းချမှု များ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းတွင် လည်း မိရိုးဖလာနည်းကိုသာ အသုံးပြုကြသဖြင့် အချို့သီးနှံများ သည် အထွက်နှုန်းနည်းပါးလျက် ရှိသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့် ဝန် ဆောင်မှုများ ရရှိရန်လည်း လိုအပ်လျက်ရှိသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များ ကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက်စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်း နှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ပုံမှန်အားဖြင့် စံနစ်တကျရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲနောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှ စ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်(၅)နှစ်တာစီမံချက် တစ်ခုအသင့်အနေအထားတွင်ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာ အရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော် ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ် များ ကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီ မံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
လမ်း/တံတား					
	၁။ ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၅၀	၁	- ကျေးရွာလမ်းပိုမိုတိုးတက်လာပြီး၊သွားလာရလွယ်ကူစေရန်	
အဆောက်အဦ	၂။စာသင်ကျောင်းအုတ်တံတိုင်းတည်ဆောက်ခြင်း	၄၅	၂	- ကျောင်းသူ/သားများနှင့်ဆရာ/ဆရာမများလုံခြုံစွာနေထိုင်နိုင်ရန်	
ရေအားလျှပ်စစ်	၃။မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း	၄၀	၃	- ကျေးရွာမှ ရွာသူ/သားများခေတ်မီစွာမီးအသုံးပြုနိုင်ရန်နှင့် တစ်ရွာလုံးမီးလင်းဖို့ရန်	
မွေးမြူရေး	၄။စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း	၃၂	၄	- တောင်သူလယ်သမားများစိုက်ပျိုးနည်းမှန်ဖြင့် အထံက်နှုန်းတိုးစေဖို့ရန်	
အဆောက်အဦ	၅။ကျေးလက်ဆေးပေးခန်းအဆောက်အအုံအဆင့်မြင့်တင်ခြင်း	၂၈	၅	- ကျေးလက်နေပြည်သူများကောင်းမွန်စွာဆေးကုသခံနိုင်ရန်	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၁	∨				
၂။ စာသင်ကျောင်းအုတ်တံတိုင်းတည်ဆောက်ခြင်း	၂		∨			
၃။မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း	၃			∨		
၄။စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း	၄				∨	
၅။ ကျေးလက်ဆေးပေးခန်းအဆောက်အအုံအဆင့်မြင့်တင်ခြင်း	၅					∨

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက် ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တခြို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေး သည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့် ဝင် မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက် ၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၁၀		√		
၂	စာသင်ကျောင်းအုတ်တံတိုင်းတည်ဆောက်ခြင်း	၁၀		√		
၃	မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်း ခြင်း	၁၀		√		
၄	စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း	၁၀		√		
၅	ကျေးလက်ဆေးပေးခန်းအဆောက်အုံအဆင့်မြှင့်တင် ခြင်း	၁၀		√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်

